အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

**လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN) ဖွဲ့စည်းတည်ထောင်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ်
အခမ်းအနားသို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ပေးပို့သည့်
ဂုဏ်ပြုသဝဏ်လွှာ**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ကျရောက်သော လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN) ဖွဲ့စည်းတည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှအထူးဝမ်းမြောက် ဂုဏ်ယူစွာဖြင့် သဝဏ်လွှာအား ပေးပို့လိုက်ပါသည်။

လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN) ၏ ဖွဲ့စည်းတည်ထောင်ရခြင်းရည်ရွယ်ချက်များဖြစ်သည့် အာဏာရှင်စနစ် အမြစ်ပြတ်ရေး၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ် ပေါ်ထွန်းရေးနှင့် ဖိနှိပ်ခံလူထုတစ်ရပ်လုံးလွတ်မြောက်ရေးကို လူမျိုးပေါင်းစုံလူငယ်များ၏ စုပေါင်း ခေါင်းဆောင်မှုဖြင့် ယနေ့အချိန်ထိ စွမ်းစွမ်းတမံ ရပ်တည်လုပ်ဆောင်နေသည့်အပေါ် မိမိတို့အနေဖြင့် အထူးပင် လေးစားဂုဏ်ယူမိပါသည်။

(၃) နှစ်တာကာလအတွင်း လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီအနေဖြင့် လူထုလှုပ်ရှားမှုအပြင်၊ နိုင်ငံရေးဆွေးနွေးမှုများတွင် ပူးပေါင်းပါဝင်ခြင်း၊ စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ရည်ရွယ်ချက်တူ တော်လှန်ရေး အင်အားစုများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို အလေးအနက်ထား လုပ်ဆောင်နေ သည်ကိုလည်း တွေ့မြင်ရသည်။ လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီသည် စုံလင်ကွဲပြားမှုကို တန်ဖိုးထား ၍ ကျား-မ တန်းတူရေး၊ အမျိုးသမီးနိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်ရေးကို အကောင်အထည်ဖော်နေသည့် အဖွဲ့တစ်ခုဖြစ်သည်ကိုလည်း မိမိတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ဂုဏ်ပြုလျက်ရှိပါသည်။

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ရည်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေးကို အားမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးအတွက် လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ လူမျိုးပေါင်းစုံ အထွေထွေ သပိတ်ကော်မတီအနေဖြင့် ပြည်သူလူထုအကျိုးကို ဆပေါင်းများစွာ ဆောင်ရွက်နိုင်ပါစေကြောင်း အားပေးတိုက် တွန်းရင်း ကော်မတီဖွဲ့စည်းတည်ထောင်ခြင်း (၃) နှစ်ပြည့်ကို ဤသဝဏ်လွှာဖြင့် ဂုဏ်ပြုလိုက်ပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)